ကာတွန်းဗိုသံ စီစဉ်ရေးဆွဲသည်။

# မြန်မာ့ရိုးရာ
# စကားပုံများ
# ဆေးရောင်ခြယ်

၇



CARTOON
BOTHAN

mgyoe.com
mgyoe.com

mgyoe.com




ရှေးလူကြီးသူမများ ဆိုမိန့်ခဲ့သော
မြန်မာ့ရိုးရာစကားပုံများ မည်ကဲ့သို့ ဖြစ်ပေါ်လာပုံနှင့်
စကားပုံ ဆောင်ပုဒ်တို့ရဲ့ အသုံးဝင်ပုံတွေကို
သားသား၊ မီးမီးတို့ သိရှိနားလည်စေရန် ရည်ရွယ်ပြီး
ပုံလေးတွေနဲ့ တင်ဆက်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အားလုံး ဆေးရောင်ခြယ်ရင်း
အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်ကြပါစေ။

mgyoe.com

ISBN9789997118837
BOT12
9 789997 118837
600.00 KS

mgyoe.com
mgyoe.com

mgyoe.com

ရှေးလူကြီးသူမများ ဆိုမိန့်ခဲ့သော
မြန်မာ့ရိုးရာစကားပုံများ မည်ကဲ့သို့ ဖြစ်ပေါ်လာပုံနှင့်
စကားပုံဆောင်ပုဒ်တို့၏ အသုံးဝင်ပုံများကို
သားသား၊ မီးမီးတို့ သိရှိနားလည်စေရန် ရည်ရွယ်ပြီး
ဦးဦးက ပုံလေးတွေနဲ့တကွ တင်ဆက်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အားလုံး ဆေးရောင်ခြယ်ရင်း
အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်ကြပါစေ...။

ဦးဦးဗိုသံ



ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၀၇၉၊ မဟိုဒိုင်လမ်း ရန်ကင်း။
စောင်ရေ - ၅၀၀။

F 1 A (Proverb 3)

mgyoe.com

mgyoe.com

# ရေနစ်တဲ့သူ ဝါးကူထိုး



ဒုက္ခဖြစ်နေသူအား ဒုက္ခထပ်မပေးမိအောင် ဆင်ခြင်အပ်ကြောင်း
သတိပေးဆုံးမထားသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# ရေများရေနိုင် မီးများမီးနိုင်




ရေများပြီး မီးနည်းပါက ရေက မီးကို ငြှိမ်းသတ်နိုင်သကဲ့သို့
မီးများပြီး ရေနည်းပါကလည်း မီးတောက်လောင်နိုင်သော သဘောသာရှိတတ်သဖြင့်
အင်အားကြီးရာဘက်က အနိုင်ရလေ့ရှိကြောင်း ဖော်ပြသော စကားပုံဖြစ်သည်။

mgyoe.com

# ရှင်နည်းရာ အဂ္ဂ လှူထွက်

mgyoe.com



ကျောင်း၌ ရှင်သာမဏေ နည်းပါးနေသည်တွင် ရှင်အဂ္ဂက လူထွက်သွားပြန်သဖြင့်
အရေအတွက် နည်းသည့်အထဲ ထပ်မံ လျော့ပါးရကြောင်း ဖော်ပြသည့် စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# မရောင်ရာ ဆီလူးသည်




ကိစ္စတစ်ရပ်ကို ဖြေရှင်းရာတွင် လုပ်ဆောင်ရမည့်အချက်ကို မလုပ်ဘဲ
မလိုအပ်သည့်အချက်ကို အပင်ပန်းခံ၍ လုပ်ခြင်းကို ဆိုလိုသည့် စကားပုံဖြစ်သည်။

mgyoe.com

# မသိလျှင်မေး မစင်လျှင်ဆေး

mgyoe.com




မသိသောအရာကို သိသူအားမေးမှ အကြောင်းစုံ အဖြေသိရပေမည်။

ထို့အတူ အညစ်အကြေးများ ပေကျံနေသော အရာဝတ္ထုများကို စင်ကြယ်အောင် ဆေးကြော သုတ်သင်မှသာ စင်ကြယ်ပေလိမ့်မည်ဖြစ်ကြောင်း ရည်ရွယ်ထားသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# မရှိတောင့်တ ရှိကြောင့်ကြ



ပစ္စည်းဥစ္စာ မရှိပြန်သော်လည်း လိုချင်တောင့်တတတ်ပြီး၊ ရှိလာပါကလည်း
သူတစ်ပါးလုယက်ခိုးယူမည်ကို စိုးရိမ်ရသဖြင့် ယင်းပစ္စည်းဥစ္စာသည်
လူ၏စိတ်ကို ဆင်းရဲပူပန်စေတတ်ကြောင်း ဖော်ပြသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe

## မမှားသောရှေ့နေ မသေသောဆေးသမား



လောကတွင် မည်သူမဆို အမှားနှင့်မကင်းကြောင်း ထင်ရှားစေရန်
သုံးနှုန်းသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# မြွေပွေး ခါးပိုက်ပိုက်



အန္တရာယ်ရှိသော ပုဂ္ဂိုလ်အား မြှောက်စားပါက မိမိသာလျှင် ထိခိုက်ဆုံးရှုံးမှုများ ရတတ်သဖြင့် မမြှောက်စားသင့်ကြောင်း သတိပြုရန် ဖော်ပြသော စကားပုံဖြစ်သည်။

mgyoe.com